မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ် မိတ်ဆက်ခြင်းနှင့် တိုင်းရင်းဆေးသံတမန်များ ခန့်အပ်ခြင်း အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့် (အချက်အလက်များသိရှိရန် မိန့်ခွန်း ကောက်နုတ်ချက်မူကြမ်း)

(Draft)

နေပြည်တော်၊ ရုံးအမှတ်(၄)၊ သြဂုတ်လ (၁၉)ရက်၊ ၂၀၁၉ ခုနှစ်

- ယနေ့အခမ်းအနားသို့ ကြွရောက်လာကြသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ပါမောက္ခများ၊ တိုင်းရင်းဆေးရုံအုပ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ တိုင်းရင်းဆေးပညာရှင်များ၊ မြန်မာ နိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ တိုင်းရင်း ဆေးထုတ်လုပ်သူများ၊ ရောင်းချသူများ၊ လုပ်ငန်းရှင်များနှင့် တက်ရောက် သူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်း၊
- ယခုကဲ့သို့ သမိုင်းအစဉ်လာကြီးမားသည့် မြန်မာ့တိုင်းရင်းဆေးပညာ စတင် ပေါ်ပေါက်လာသည့် အချိန်မှစ၍ ခေတ်အဆက်ဆက်ဖွံ့ဖြိုးတိုးတက်လာမှုများအား မှတ်တမ်းထားရှိနိုင်ရန်အတွက် “မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်” အား စနစ်ကျစွာဖြင့် ဝိုင်းဝန်းပြုစုနိုင်ခဲ့ခြင်းအတွက် ပါဝင်ဆောင်ရွက်သူအားလုံးကို ကျေးဇူးတင် မှတ်တမ်းတင်ရှိပါကြောင်း၊
- ထိုသို့ပါဝင်ဆောင်ရွက်သူအားလုံး၏ တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိတ်အားထက်သန်မှုများအား သိရှိတွေ့မြင်နိုင်ပါကြောင်း၊
- ယခုစာအုပ်တွင်ပါဝင်သည့် အချက်အလက်များအား အခြေခံ၍ သုတေသနများ စနစ်တကျပြုလုပ်ကာ မြန်မာ့တိုင်းရင်းဆေးပညာမှတ်တမ်းများနှင့်

မှတ်တိုင်များကို ဖော်ထုတ်ခြင်း၊ ပညာရပ်ပိုင်းဆိုင်ရာ ပိုမိုတိုးတက်ဖွံ့ဖြိုးစေခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊

- ထို့အပြင် တိုင်းရင်းဆေးတက္ကသိုလ်မှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးပညာရှင်များပါဝင်၍ "မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်"တွင်ပါဝင်သည့် တိုင်းရင်းဆေးပညာသမိုင်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်မှု၊ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ကာ တိုင်းရင်းဆေးပညာပိုမိုတိုးတက်ဖွံ့ဖြိုးစေရေး လုပ်ငန်းစဉ်များအား ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- သုတေသနလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာရန် မိမိတို့မှသေချာစွာ အလေးထား၍ဆောင်ရွက်နေပါကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်တွင် သုတေသနအဖွဲ့ (unit)များ ဖွဲ့စည်းထားပါကြောင်း၊ research method ၊ responsible conduct of research၊ clinical trial များနှင့်စပ်လျဉ်း၍ training များပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများမှ တတ်ရောက်လိုသည့် သင်တန်းများကို ဆေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရမည်ဖြစ်ကြောင်း၊ ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ) ၌ သုတေသန စွမ်းဆောင်ရည်မြင့်တင်မှု သင်တန်းများပုံမှန် ဆက်တိုက်ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါကြောင်း၊
- တိုင်းရင်းဆေးဝါးများ၏ စွမ်းရည်ထက်မြက်မှုများသာမက ဘေးအန္တရာယ်ကင်းရှင်းမှု၊ သုံးစွဲရမည့် ဆေးပမာဏအချိန်အဆ၊ အကြိမ်အရေအတွက်နှင့် သုံးစွဲရမည့် အချိန်ကာလတို့ကို သိပ္ပံနည်းကျ အထောက်အထားခိုင်မာစွာ လေ့လာဖော် ထုတ်နိုင်ရန် (clinical trial) များကိုလည်း ဆေးသုတေသနဦးစီးဌာနနှင့် ချိတ်ဆက်၍ ပိုမိုဆောင်ရွက်သွားစေလိုပါကြောင်း၊
- တိုင်းရင်းဆေးတက္ကသိုလ် ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခြုံငုံသုံးသပ်ဆန်းစစ်မှုလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ထွက်ပေါ်လာသည့် အကြံပြုချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊

- တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဂုဏ်ထူးဆောင်ပါမောက္ခများအနေဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့်ပုံမှန်တွေ့ဆုံ၍ တက္ကသိုလ်ပိုမိုဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ အတွေ့အကြုံများ ဝေမျှဖလှယ်ခြင်းများလည်း ဆောင်ရွက်စေလိုပါကြောင်း၊
- မိမိတို့ဝန်ကြီးဌာနတွင် တိုင်းရင်းဆေးဝါးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ကိုဖွဲ့စည်းထားပါကြောင်း၊ တိုင်းရင်းဆေးဝါးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့နှင့် တိုင်းရင်းဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များသည် ဌာနတွင်အနည်းဆုံး (၄)လလျှင်တစ်ကြိမ်ခန့် တွေ့ဆုံဆွေးနွေး၍ ပြောင်းလဲသင့်သည့်အချက်များ၊ ထပ်တိုးဆောင်ရွက်ရမည့်အချက်များ၊ လျော့ချသင့်သည့်အချက်များနှင့်ပတ်သက်၍ ဆွေးနွေးဆောင်ရွက်စေလိုပါကြောင်း၊ အကြံပေးအဖွဲ့စည်းများအနေဖြင့် သင်ကြားသင်ယူမှုစနစ်တွင် ပြောင်းလဲသင့်သည်များအား ပြောင်းလဲနိုင်ရန် အကြံပေးမှုများ ပြုလုပ်စေလိုပါကြောင်း၊
- မိမိတို့ဝန်ကြီးဌာနတွင် တိုင်းရင်းဆေးဝါးစက်ရုံ (၂)ရုံရှိပြီး၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ တိုင်းရင်းဆေးဝါးစက်ရုံများ၏ လက်ရှိအခြေအနေအရပ်ရပ်ကို အသေးစိတ် ဆန်းစစ်မှုများ ပြုလုပ်စေလိုပါကြောင်း၊
- တိုင်းရင်းဆေးဝါးစက်ရုံ(မန္တလေး) ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခြုံငုံဆန်းစစ်သုံးသပ်မှုများ ပြုလုပ်၍ အလေးပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် သုတေသနသည် အရေးကြီးပါကြောင်း၊ သုတေသနပြုလုပ်ရန်အတွက် (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် ကျပ်သန်း (၁၀၀၀)၊ (၆)လဘတ်ဂျက်တွင် သန်း(၅၀၀)၊ (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်တွင် သန်း(၁၅၀၀) ခွင့်ပြုခဲ့ပါကြောင်း၊ (၂၀၁၉-၂၀၂၀)ဘဏ္ဍာနှစ်တွင် သုတေသန ဘတ်ဂျက်အတွက် ကျပ်သန်း (၃၀၀၀)လျာထားပါကြောင်း၊

- တိုင်းရင်းဆေးသုတေသနညီလာခံများနှင့် တိုင်းရင်းဆေးသမားတော်များ ညီလာခံများမှ အကြံပြုချက်များအား ဦးစားပေးလုပ်ငန်းများ သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊
- "မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်" အားပြုစုရာတွင် မှီငြမ်းထားသည့် စာအုပ်များအပါအဝင် ခေတ်အဆက်ဆက်မှ မြန်မာ့တိုင်းရင်းဆေးပညာစာအုပ်စာပေများကို လေ့လာမှုပြုလုပ်ကာ ကောင်းမွန်အသုံးဝင်သည်များကို ထုတ်နှုတ်အသုံးချစေလိုပါကြောင်း၊
- တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်သည် အလွန်ကောင်းမွန်ပါကြောင်း၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် (၃) ပိုင်းခွဲပြီး ခေတ်အဆက်ဆက်ပါဝင်အောင် ရေးသားခဲ့သည်ကို တွေ့ရပါကြောင်း၊
- ရေးသားသည့်အချက်များတွင် ပါဝင်မှီငြမ်းရေးသားသည့် စာအုပ်စာပေများအား တိုင်းရင်းဆေးတက္ကသိုလ်တွင် ထားရှိရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ရန်ကုန်တက္ကသိုလ်ရှိ စာကြည့်တိုက်တွင် တိုင်းရင်းဆေးနှင့်ပတ်သက်၍ ထွက်ရှိခဲ့သည့်စာအုပ်များကို ကူးယူစေလိုပါကြောင်း၊
- တိုင်းရင်းဆေးလောက တိုးတက်ရန်အတွက် ယခင်ပြုလုပ်ခဲ့သည့် ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၏ report များအား print out ပြုလုပ်ပြီး တိုင်းရင်းဆေးတက္ကသိုလ်တွင် တက်ရောက်သည့် ကျောင်းသား/ကျောင်းသူများသို့ ဝေမျှစေလိုပါကြောင်း၊
- တိုင်းရင်းဆေးတက္ကသိုလ်အား အနောက်နိုင်ငံများနှင့် (MOU) နားလည်မှုစာချွန်လွှာများ ထိုးစေလိုပါကြောင်း၊
- တိုင်းရင်းဆေးနှင့်ပတ်သက်သည့် လုပ်ရိုးလုပ်စဉ် business as usual နည်းအတိုင်းမဆောင်ရွက်ဘဲ ဆရာတို့အနေဖြင့် out-of-the-box thinking နှင့် innovative thinking ဖြင့် စဉ်းစားဆောင်ရွက်စေလိုပါကြောင်း၊

- တိုင်းရင်းဆေးသံတမန် (၂)ဦး ခန့်အပ်ခြင်းသည် အလွန်ကောင်းမွန်ပြီး ခန့်အပ်ခြင်းခံရသူများအား မည်သို့လုပ်ဆောင်ရမည့်ကို လုပ်ငန်းလမ်းညွှန်များပေးကမ်းခြင်း၊ မည်ကဲ့သို့ကူညီဆောင်ရွက်ပေးစေလိုသည်ကို အသိပေးထားရန်လိုပါကြောင်း၊ ခန့်အပ်ခြင်းခံရသည် တိုင်းရင်းဆေးသံတမန်များအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးနှင့်ပတ်သက်သည့် သတင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို လူမှုကွန်ရက်စာမျက်နှာများတွင် မျှဝေပေးစေလိုပါကြောင်း၊
- တိုင်းရင်းဆေးသံတမန်များအနေဖြင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ကျန်းမာရေးအသိပညာများဖြန့်ဝေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအားတစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊
- မိမိအနေဖြင့် "မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်" တွင် ပါဝင်သည့်အချက်များသည် တန်ဖိုးကြီးမားသဖြင့် အဆိုပါအချက်များနှင့်ပတ်သက်၍ မဟာဘွဲ့စာတမ်းများလည်း ပြုလုပ်စေလိုပါကြောင်း၊
- ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် အရည်အသွေးပြည့်ဝမြင့်မားစွာ၊ လွှမ်းခြုံမှုကောင်းစွာ ဆောင်ရွက်နိုင်စေရန် တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးသံတမန်များ၊ တိုင်းရင်းဆေး ထုတ်လုပ်သူများနှင့် ရောင်းချသူများအားလုံးမှ ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။